ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# စားသုံးသူဈေးဆန္နန်း
# (Consumer Price Index)
# နှင့်
# ငွေကြေးဖောင်းပွမှုနှုန်း
# (Rate of Inflation)
# အ ခြေအနေ
# (၂၀၁၇ ခုနှစ် ဇွန်လ)

၂၀၁၇ ခုနှစ် ဇူလိုင်လ

အကြောင်းအရာ။ **၂၀၁၇ခုနှစ် ဇွန်လအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ တင်ပြခြင်း**

၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် မြို့နယ်(၈၂)မြို့နယ်မှ ဈေးနှုန်းများကို အခြေခံ၍ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများနှင့် တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းကို ပြောင်းလဲတွက်ချက် တင်ပြနိုင်ရန် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ဗဟိုစာရင်းအင်းအဖွဲ့သည် အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်းကို မြို့နယ်ပေါင်း (၈၂)မြို့နယ်တွင် နမူနာအိမ်ထောင်စုပေါင်း (၃၂၆၆၉)ကို စစ်တမ်းကောက်ယူခဲ့ပါသည်။

၂။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စစ်တမ်းကောက်ယူရာတွင် ကုန်ပစ္စည်းအမျိုးအစားများမှာ အများသုံးစွဲသည့်ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားပေါင်း (၄၃၈)မျိုး ပါဝင်ခဲ့ပါသည်။ စားသုံးသူဈေးဆနှုန်း တွက်ချက်ရန်အတွက် အစားအစာအုပ်စုတွင်ကုန်ပစ္စည်း (၁၀၈)မျိုးနှင့် အစားအစာမဟုတ်သောအုပ်စုတွင် ကုန်ပစ္စည်းအမျိုးအစား(၁၆၆)မျိုးရွေးချယ်ထားပြီး၊ စုစုပေါင်း (၂၇၄)မျိုးသို့ တိုးချဲ့ကောက်ယူတွက်ချက်ခဲ့ပါသည်။

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်တွင် အစားအစာအုပ်စုအတွက် သုံးစွဲသည့် အလေးပေး ရာခိုင်နှုန်းမှာ (၅၈.၅၁)% ရှိ၍၊ အစားအစာမဟုတ်သောအုပ်စုအတွက် သုံးစွဲသည့် အလေးပေးရာခိုင်နှုန်းမှာ (၄၁.၄၉)% ရှိပါသည်။

၄။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော ၂၀၁၇ ခုနှစ် ဇွန်လအတွက် တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းမှာ အစားအစာအုပ်စုအတွက် (၁၄၄.၅၉)၊ အစားအစာ မဟုတ်သော အုပ်စုအတွက် (၁၁၅.၆၅) နှင့် အုပ်စုအားလုံးအတွက်(၁၃၂.၅၈) ဖြစ်ရာ လွန်ခဲ့သော မေလ အခြေအနေ (၁၃၂.၄၂) နှင့်နှိုင်းယှဉ်ပါက (၀.၁၂)% မြင့်တက်ခဲ့ပါသည်။

၅။ စားသုံးသူဈေးဆနှုန်းကိုလေ့လာပါက အစားအစာအုပ်စု၏ဈေးဆနှုန်းမှာ ယခင်လကထက် ၀.၁၉% မြင့်တက်လာပါသည်။ အခြေခံစားသောက်ကုန်ဖြစ်သည့် မြေပဲဆီ၊ ကြက်သား၊ အမဲသား၊ ဝက်သား၊ ငါးခူ၊ ငါးရံ့၊ ပုစွန်ကျော၊ ပုစွန်တုပ်နှင့် အချို့ငါးအစိုဈေးနှုန်းများ၊ ပုစွန်ခြောက်၊ ငါးရံ့ခြောက်၊ ကြက်ဥ၊ဘဲဥဈေးနှုန်းများ၊ အချို့ဟင်းသီးဟင်းရွက်များ ဖြစ်သည့်

ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ပဲတောင့်ရှည်သီး ဈေးနှုန်းများနှင့် စားဖိုဆောင်သီးနှံဖြစ်သည့် ပဲကြီး၊ ပဲထောပတ်၊ ကြက်သွန်နီ၊ ငရုတ်သီးခြောက်(အပု)နှင့် ငရုတ်သီးခြောက်(အရှည်) ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။


၆။ ၂၀၁၇ ခုနှစ် ဇွန်လတွင် အစားအစာမဟုတ်သောအုပ်စု၏ ဈေးဆနှုန်းမှာ (၁၁၅.၆၅) ဖြစ်သဖြင့် ယခင်လအခြေအနေ ၁၁၅.၆၄ နှင့် နှိုင်းယှဉ်ပါက သိသာစွာပြောင်းလဲမှုမရှိပါ၊ ယင်းအုပ်စုတွင်ပါဝင်သော မော်တော်ကား၊ ဓာတ်ဆီနှင့် ဒီဇယ်ဈေးနှုန်းများ ကျဆင်းလျက်ရှိသော်လည်း ထင်း၊ မီးသွေး၊ ခနီ၊ ဝါး၊ သစ်မာနှင့် အုတ်ဈေးနှုန်းများ၊ တိုင်းရင်းဆေးဈေးနှုန်းများနှင့်တယ်လီဖုန်းရှင်းဈေးနှုန်းများ မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

၇။ စားသုံးသူဈေးဆနှုန်း ပြောင်းလဲမှုအခြေအနေမှာ **၂၀၁၇ ခုနှစ် ဇွန်လတွင် ယခင်နှစ်အလားတူကာလကထက် (၂.၉၂)% ပိုမိုလာခဲ့ပါသည်။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇ ခုနှစ် မေလအထိ (+၅.၄၃%) ရှိပါကြောင်း** အစီရင်ခံတင်ပြအပ်ပါသည်။

(ဒေါက်တာဝါဝါမောင်)
ညွှန်ကြားရေးမှူးချုပ်

**တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်း(Comsumer Price Index)**

**(၂၀၁၇ ခုနှစ် ဇွန်လ)**



# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၇ ခုနှစ် ဇွန်လ)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| ၃ | ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း | ၄ |
| ၄ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၆ |
| ဇယား ၁ | တစ်နိုင်ငံလုံး၏ အုပ်စုအလိုက်စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၈ |
| ဇယား ၂ | တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္ဒန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၉ |
| ဇယား ၃ | အဓိကကျသောကုန်ပစ္စည်းများ၏ လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၀ |
| ဇယား ၄ | တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၁ |

## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## (၂၀၁၇ ခုနှစ်၊ ဇွန်လ)

**၁။ စုစုပေါင်းစားသုံးသူဈေးဆန္ဒုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၂၀၁၇ ခုနှစ် ဇွန်လအတွက် စားသုံးသူဈေးဆန္ဒုန်းမှာ ၁၃၂.၅၈ ဖြစ်ရာ လွန်ခဲ့သော ၂၀၁၆ခုနှစ် ဇွန်လ အခြေအနေ ၁၂၈.၈၂ နှင့် နှိုင်းယှဉ်ပါက ယခင်နှစ်ကထက် ၂.၉၂ % မြင့်တက်လာပါသည်။

၂၀၁၇ ခုနှစ် ဇွန်လတစ်နှစ်ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၅.၄၃% ဖြစ်ပေါ်ခဲ့ရာ လွန်ခဲ့သော ၂၀၁၆ ခုနှစ် ဇွန်လတစ်နှစ်ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်း ၁၀.၆၀%နှင့် နှိုင်းယှဉ်ပါက တိုးနှုန်းမှာ ယခင်နှစ်ကထက် များစွာကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ သို့သော် ၂၀၁၇ ခုနှစ် မေလ၏ စားသုံးသူဈေးဆန္ဒုန်းနှင့် နှိုင်းယှဉ်ပါက ၀.၁၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

ယခုလတွင် ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆန္ဒုန်းများကို ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ရခိုင်ပြည်နယ်၏ စားသုံးသူဈေးဆန္ဒုန်းမှာ ၇.၈၈%ဖြင့် အမြင့်ဆုံး ပြောင်းလဲမှု ဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရပါသည်။ အလားတူစွာပင် ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်လည်း ပြောင်းလဲမှုရာခိုင်နှုန်းများခဲ့ပါသည်။ တစ်နိုင်ငံလုံးအနေဖြင့် ခြုံငုံကြည့်လျှင် နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း (Year on Year Inflation) မှာ ယခင်လတွင် ၃.၉၀% ရှိရာမှ ယခုလတွင် ၂.၉၂% ဖြစ်သဖြင့် တိုးနှုန်းအရှိန်မှာ လျော့နည်းလာကြောင်း တွေ့ရှိရပါသည်။

**၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂၀၁၇ ခုနှစ် ဇွန်လအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆန္ဒုန်းများကို ဇယား(၁) ဖြင့် အုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) **အစားအစာအုပ်စု**ဈေးဆန္ဒုန်းသည် ၂၀၁၇ ခုနှစ် ဇွန်လ၌ ၁၄၄.၅၉ ရှိ၍၊ ယခင် နှစ်၏ ဈေးဆန္ဒုန်းမှာ ၁၄၁.၃၅ ဖြစ်သောကြောင့် ၂.၃၀% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့သောလနှင့်နှိုင်းယှဉ်ပါက ၀.၁၉ % မြင့်တက်လာပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စုဈေးဆန္ဒုန်း**မှာ ၂၀၁၇ ခုနှစ် ဇွန်လ၌ ၁၂၇.၃၁ ရှိ၍၊ ယခင်နှစ်၏ ဈေးဆန္ဒုန်းမှာ ၁၂၇.၅၇ ဖြစ်သောကြောင့် ၀.၂၀% ကျဆင်းလာ

သကဲ့သို့၊ လွန်ခဲ့သောလနှင့်နှိုင်းယှဉ်ပါကလည်း ၀.၆၃% ကျဆင်းလာခဲ့ပါသည်။ ယင်းအုပ်စုအတွင်းရှိ ကွမ်းရွက်ဈေးနှုန်းများ ဆက်တိုက်ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်ဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဇွန်လ၌ ၁၁၆.၉၀ရှိ၍၊ ယခင်နှစ်၏ဈေးဆနှုန်းမှာ ၁၁၄.၉၉ ဖြစ်သောကြောင့် ၁.၆၆% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့သောလနှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိကြောင်း တွေ့ရှိရပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဇွန်လ၌ ၁၃၆.၀၅ ရှိ၍၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၉.၉၉ ဖြစ်သောကြောင့် ၄.၆၆% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့သောလနှင့်နှိုင်းယှဉ်ပါက ၀.၃၀%မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ဓနိ၊ ကြသောင်းဝါး၊ တောသစ်၊ သစ်မာနှင့် အုတ်ဈေးနှုန်းများ၊ ထင်းနှင့် မီးသွေးဈေးနှုန်းများမှာ ယခင်လကထက် ဆက်လက်မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဇွန်လ၌ ၁၁၄.၁၂ ရှိ၍၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၃.၇၄ ဖြစ်သောကြောင့် ၀.၃၃% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့သောလနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်သာမြင့်တက်ခဲ့ပါသည်။

(စ) **ကျန်းမာရေးအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် ဇွန်လ၌ ၁၃၂.၇၁ ရှိ၍၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၇.၆၂ ဖြစ်သောကြောင့် ၃.၉၉% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့သောလနှင့် နှိုင်းယှဉ်ပါက သိသာစွာပြောင်းလဲမှုမရှိပါ။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဇွန်လ၌ ၉၇.၄၃ ရှိ၍၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၈၈.၇၄ ဖြစ်သောကြောင့် ၉.၇၉%မြင့်တက်လာပြီး၊ လွန်ခဲ့သောလနှင့် နှိုင်းယှဉ်ပါက ၀.၃၃% ကျဆင်းလာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဓာတ်ဆီဈေးနှုန်းမှာ တစ်ဂါလံလျှင် ၃၄၂၀.၉၅ ကျပ်မှ ၃၄၁၁.၁၃ ကျပ်၊ ဒီဇယ်ဆီတစ်ဂါလံလျှင် ၃၃၃၀.၁၃ ကျပ် မှ ၃၂၄၁.၄၀ ကျပ်

သို့လည်းကောင်း အသီးသီး ကျဆင်းလာခဲ့သောကြောင့် ဖြစ်ပါသည်။ ထို့ပြင် မော်တော်ကားဈေးနှုန်းများလည်း ကျဆင်းလာပါသည်။ ထိုသို့ ကျဆင်းရခြင်းမှာ ဆိပ်ကမ်းတွင် ရောက်ရှိသည့်ကားများအား၊ မော်တော်ယာဉ်အို/ ယာဉ်ဟောင်း အပ်နှံသည့် စလစ်ဖြင့် ပြန်လည်ရောင်းချခွင့်ပြုခြင်း၊ ယခင်က ရန်ကုန်မြို့တွင်း ယာဉ်မှတ်ပုံတင်ခြင်းကို ဖြေလျော့ပေးခြင်းတို့ကြောင့် မော်တော်ကားဈေးမှာ အနည်းငယ်ကျဆင်းလာခဲ့ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဇွန်လ၌ ၉၃.၉၀ ရှိ၍၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၉၅.၆၆ ဖြစ်သောကြောင့် ၁.၈၄% ကျဆင်းခဲ့ပြီး၊ လွန်ခဲ့သောလနှင့် နှိုင်းယှဉ်ပါက ၀.၂၅% ကျဆင်းခဲ့ပါသည်။ ယင်းအုပ်စုတွင် ပါဝင်သော မိုဘိုင်းဖုန်းနှင့် တယ်လီဖုန်းများမှာ ဈေးကွက်အတွင်း ဝင်ရောက်မှုများလာ၍ ဈေးနှုန်းများကျဆင်းလာခဲ့သောကြောင့်ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဇွန်လ၌ ၁၀၅.၄၀ ရှိ၍၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၀၅.၀၆ ဖြစ်သောကြောင့် ၀.၃၃% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့သောလနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော တယ်လီဗေးရှင်းဈေးနှုန်းနှင့် ဗလာစာအုပ်ဈေးနှုန်းများမှာ အနည်းငယ် မြင့်တက်နေကြောင်း တွေ့ရပါသည်။

(ည) **ပညာရေးအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် မေလ၌ ၁၂၂.၄၃ ရှိ၍၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၀.၃၄ ဖြစ်သောကြောင့် ၀.၈၉% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့သောလ နှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိကြောင်းတွေ့ရပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဇွန်လ၌ ၁၁၁.၃၂ ရှိ၍၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၀၉.၃၄ ဖြစ်သောကြောင့် ၁.၈၁% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့သောလနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ်သာ မြင့်တက်ခဲ့ပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဇွန်လ၌ ၁၂၂.၁၄ ရှိ၍၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၅.၅၉ ဖြစ်သောကြောင့် ၅.၆၆% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့သောလနှင့် နှိုင်းယှဉ်ပါက ၀.၂၇% မြင့်တက်လာခဲ့ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် ဇွန်လ၌ ၁၁၅.၆၅ ရှိ၍၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၀.၁၅ %ဖြစ်သောကြောင့် ၄.၀၅% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့သောလနှင့် နှိုင်းယှဉ်ပါက ထူးခြားစွာပြောင်းလဲမှုမရှိပါ။

## ၃။ ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း

၂၀၁၇ ခုနှစ် ဇွန်လတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှုအခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) ယခုလတွင်ဖြစ်ပေါ်ခဲ့သော ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းများ ကျဆင်းနေသော်လည်း ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၈၅% ဖြင့် ပြန်လည်မြင့်တက်လာခဲ့ပါသည်။ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဆန်ဈေး မြင့်တက်၍ မြန်မာဆန်ကို နိုင်ငံခြားဆန်ကုန်သည်များက ဝယ်ယူရန် ကမ်းလှမ်းမှုများရှိလာခြင်းနှင့် ပြည်ပဆန်တင်ပို့ရန် အဝယ်များလာခြင်းကြောင့် ဆန် ဈေးနှုန်းများ ပြန်လည်မြင့်တက်လျက်ရှိပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီနှင့် နှမ်းဆီဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်ခဲ့ပြီး၊ စားအုန်းဆီဈေးနှုန်းမှာမူ ယခင်လကထက် ဈေးနှုန်း ကျဆင်းနေသည်ကို တွေ့ရပါသည်။ ယခုလတွင် မြေပဲဈေးနှုန်းများ မြင့်တက်လာသောကြောင့် မြေပဲဆီဈေးနှုန်းများ မြင့်တက်လာပါသည်။ ယခင်လတွင် ပြည်ပစားအုန်းဆီဈေးနှုန်းမှာ မက်ထရစ် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၆၀၁.၁၃ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန် ဒေါ်လာ ၅၇၇.၈၁ ဖြစ်သဖြင့် ယခင်လကထက် ၃.၈၈% ကျဆင်းခဲ့သောကြောင့် ပြည်တွင်းစားအုန်းဆီ ဈေးနှုန်းများ ပြန်လည်ကျဆင်းလာပါသည်။

(ဂ) အသား၊ငါးနှင့် ဥအုပ်စုတွင် ပါဝင်သော ကြက်သား၊ ဝက်သား၊ အမဲသား၊ ကြက်ဥ၊ ဘဲဥ နှင့် ငါးအစိုဈေးနှုန်းများ၊ ပုစွန်ခြောက်၊ ငါးရံ့ခြောက်ဈေးနှုန်းများ မြင့်တက်လျက်ရှိပါသည်။ ကြက်သားထုတ်လုပ်မှု လျော့နည်းလာသောကြောင့် ကြက်သားဈေးနှုန်းများ မြင့်တက်လာပါသည်။ ငါးမဖမ်းရ တားမြစ်ထားခြင်း ကြောင့် ငါးဈေးနှုန်းများ မြင့်တက်လျက်ရှိပါသည်။ ထို့ပြင် ငါးပိ၊ ငါးခြောက်ပြု လုပ်သည့် ငါးကုန်ကြမ်းများ ရှားပါးလာခြင်းကြောင့် ငါးခြောက် ဈေးနှုန်းများ မြင့်တက်နေခြင်း ဖြစ်ပါသည်။

(ဃ) အချို့ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို လေ့လာကြည့်ပါက ခရမ်းချဉ်သီးဈေးနှုန်း များမှာ ယခင်လနှင့်နှိုင်းယှဉ်ပါက သိသိသာသာ ပြန်လည်မြင့်တက်လာကြောင်း တွေ့ရပါသည်။ ဒေသထွက်ခရမ်းချဉ်သီးများ ရာသီချိန်ကုန်ဆုံးပြီဖြစ်၍ ဈေးကွက် အတွင်း ဝင်ရောက်မှု နည်းပါးလာပြီး၊ ဈေးနှုန်းများ မြင့်တက်လာပါသည်။ သို့ရာ တွင် သီးနှံအသစ်ထွက်ပေါ်ချိန် ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံဖြစ်သော အာလူး၊ ကုလားပဲနှင့် ကြက်သွန်ဖြူဈေးနှုန်း များဆက်လက် ကျဆင်းလာသော် လည်း ကြက်သွန်နီဈေးနှုန်းမှာ သိသိသာသာပြန်လည် မြင့်တက်လာပါသည်။ အလားတူ ငရုတ်သီးခြောက်ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိပါသည်။ ကျန်ဟင်းသီးဟင်းရွက်များဖြစ်သော မုန်လာဥအဖြူ၊ ခရမ်းသီး၊ ပဲတောင့်ရှည် သီးနှင့် အချို့အသီးအနှံဈေးနှုန်းများ မြင့်တက်လာပါသည်။

(င) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စုရှိဈေးဆနှုန်းမှာ ယခင်လကထက် ၀.၆၃% ကျဆင်းလာပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဤအုပ်စုတွင် ပါဝင်သော ကွမ်းရွက် ဈေးနှုန်းများမှာ သိသာထင်ရှားစွာ ကျဆင်းလာသောကြောင့်ဖြစ်ပါသည်။ မိုးဦးကျ ရာသီဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကွမ်းရွက်အထွက်နှုန်း များလာသော ကြောင့် ဈေးနှုန်းများ ကျဆင်းလာပါသည်။

(စ) ယခုလတွင်ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ပဲရည်တစ်ကျပ်သားလျှင် ၈၅၄၉၁၈ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၀.၅၄% မြင့်တက်ခဲ့ပြီး၊ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါကလည်း ၁၂.၉၈% မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ

တစ်ထရိုင် အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၄၇ ရှိရာမှ ၁၂၆၂ သို့ မြင့်တက်လာပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်လာခြင်းနှင့်အတူ မြန်မာ့ရွှေဈေးနှုန်းလည်း လိုက်ပါမြင့်တက်နေသည်ကို တွေ့ရှိရပါသည်။


(ဆ) ၂၀၁၇ခုနှစ် ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများတွင် ဒီဇယ်ဆီနှင့် ဓာတ်ဆီဈေးနှုန်းများမှာ ယခင်လကထက် ၂.၆၉% နှင့် ၀.၂၉% အသီးသီး ကျဆင်းလာပါသည်။ ပြည်ပမှတင်သွင်းသော လောင်စာဆီ ဈေးနှုန်းများတွင် ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၁.၁၂ မှ ၅၇.၇၀ သို့လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၁.၄၀ မှ ၅၇.၆၁ သို့လည်းကောင်း အသီးသီး ကျဆင်းလာသောကြောင့်၊ ပြည်တွင်းလောင်စာဆီဖြစ်သော ဓာတ်ဆီနှင့် ဒီဇယ်ဈေးနှုန်းများလည်း ကျဆင်းလျက်ရှိပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် စိုက်ပျိုးမြေပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံအထွက်နှုန်းလျော့ကျခြင်း၊ ရေကြီးရေလျှံမှုကြောင့် တံတားများပျက်စီးခြင်း၊ ကားလမ်း၊ရထားလမ်းများ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲဖြစ်ကာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးခက်ခဲသည့်အတွက် သယ်ယူပို့ဆောင်စရိတ် မြင့်တက်ခြင်း၊ အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းများ မြင့်မားလာခြင်းကြောင့် သွင်းကုန်ဈေးနှုန်းများမြင့်တက်လာခြင်း စသည့်အကြောင်းရင်းများကြောင့် ဈေးနှုန်းအပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိပါသည်။

## ၄။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

(က) **တစ်နိုင်ငံလုံး**အတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇ ခုနှစ် ဇွန်လ အထိ တစ်နှစ်ပျမ်းမျှ (+)၅.၄၃ ရှိ၍ မေလအထိ တစ်နှစ်ပျမ်းမျှ (+)၅.၉၆ နှင့် နှိုင်းယှဉ်ပါက ဆက်လက်ကျဆင်းလာပါကြောင်းနှင့် ၂၀၁၇ ခုနှစ် ဇွန်လ နှင့် ၂၀၁၆ ခုနှစ် ဇွန်လ တို့၏ နှစ်အလိုက် ပြောင်းလဲမှုကို နှိုင်းယှဉ်ပါက (Year on Year Inflation) မှာ

၂.၉၂% ဖြစ်သည့်အတွက် ယခင်လကထက် ၀.၉၇% လျော့နည်းလျက်ရှိကြောင်း တွေ့ရပါသည်။




(ခ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၇ ခုနှစ် ဇွန်လ အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်ပြည်နယ်တွင် ၁၁.၂၅%ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ပြီး၊ ကချင်ပြည်နယ်တွင် ၈.၉၂% ဖြင့် ဒုတိယအမြင့်ဆုံး၊ ရှမ်းပြည်နယ်တွင် ၇.၄၀%ဖြင့် တတိယအမြင့်ဆုံး အသီးသီးဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်ပြည်နယ်တွင် ၇.၈၈%ဖြင့် ပြောင်းလဲမှုအများဆုံး ဖြစ်ပေါ်ခဲ့ပြီး၊ ပြည်ထောင်စုနယ်မြေတွင် -၂.၇၇%ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံး ဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

# ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္ဒနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၇ ခုနှစ်၊ ဇွန်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၇ခုနှစ် ဇွန်လ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဇွန်လ | မေလ | ဇွန်လ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| | **အုပ်စုအားလုံး** | **၁၀၀.၀၀** | **၁၂၈.၈၂** | **၁၃၂.၄၂** | **၁၃၂.၅၈** | **၀.၁၂** | **၂.၉၂** | **၅.၄၃** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၅၁** | **၁၄၁.၃၅** | **၁၄၄.၃၂** | **၁၄၄.၅၉** | **၀.၁၉** | **၂.၃၀** | **၆.၃၈** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၂၇.၅၇ | ၁၂၈.၁၂ | ၁၂၇.၃၁ | -၀.၆၃ | -၀.၂၀ | ၂.၉၇ |
| ၀၃ | အဝတ်အထည် | ၃.၂၃ | ၁၁၄.၉၉ | ၁၁၆.၉၀ | ၁၁၆.၉၀ | ၀.၀၀ | ၁.၆၆ | ၃.၁၅ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၂၉.၉၉ | ၁၃၅.၆၅ | ၁၃၆.၀၅ | ၀.၃၀ | ၄.၆၆ | ၆.၂၈ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၃.၇၄ | ၁၁၄.၀၈ | ၁၁၄.၁၂ | ၀.၀၃ | ၀.၃၃ | ၁.၉၆ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၂၇.၆၂ | ၁၃၂.၆၉ | ၁၃၂.၇၁ | ၀.၀၁ | ၃.၉၉ | ၅.၂၂ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၈၈.၇၄ | ၉၇.၇၅ | ၉၇.၄၃ | -၀.၃၃ | ၉.၇၉ | ၃.၂၉ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၉၅.၆၆ | ၉၃.၆၇ | ၉၃.၉၀ | ၀.၂၅ | -၁.၈၄ | -၁.၈၈ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၅.၀၆ | ၁၀၅.၃၃ | ၁၀၅.၄၀ | ၀.၀၇ | ၀.၃၃ | ၁.၇၃ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၁.၃၄ | ၁၂၂.၄၃ | ၁၂၂.၄၃ | ၀.၀၀ | ၀.၈၉ | ၃.၁၈ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၅ | ၁၀၉.၃၄ | ၁၁၁.၂၇ | ၁၁၁.၃၂ | ၀.၀၄ | ၁.၈၁ | ၂.၈၀ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၀ | ၁၁၅.၅၉ | ၁၂၁.၈၁ | ၁၂၂.၁၄ | ၀.၂၇ | ၅.၆၆ | ၆.၀၈ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၁၁၁.၁၅** | **၁၁၅.၆၄** | **၁၁၅.၆၅** | **၀.၀၁** | **၄.၀၅** | **၃.၈၄** |

## ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၇ ခုနှစ်၊ ဇွန်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၇ ခုနှစ် ဇွန်လ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဇွန်လ | မေလ | ဇွန်လ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၂၈.၅၇ | ၁၃၆.၆၅ | ၁၃၆.၅၈ | -၀.၀၅ | ၆.၂၃ | ၈.၉၂ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၃၆.၄၆ | ၁၃၇.၆၈ | ၁၃၉.၉၃ | ၁.၆၄ | ၂.၅၄ | ၅.၉၇ |
| ၃ | ကရင်ပြည်နယ် | ၃.၁၂ | ၁၁၉.၃၈ | ၁၂၁.၉၉ | ၁၂၂.၀၆ | ၀.၀၆ | ၂.၂၄ | ၆.၃၇ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၇၃.၃၁ | ၁၇၈.၀၅ | ၁၇၇.၆၃ | -၀.၂၃ | ၂.၄၉ | ၂.၉၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၁၂၈.၃၁ | ၁၂၉.၄၆ | ၁၂၉.၈၃ | ၀.၂၉ | ၁.၁၈ | ၃.၅၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၁၁၄.၈၀ | ၁၁၉.၅၇ | ၁၁၉.၇၀ | ၀.၁၀ | ၄.၂၇ | ၄.၆၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၁၂၇.၃၉ | ၁၃၀.၈၆ | ၁၃၁.၂၀ | ၀.၂၆ | ၂.၉၉ | ၅.၅၄ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၁၂၈.၄၀ | ၁၃၀.၈၄ | ၁၃၀.၉၈ | ၀.၁၁ | ၂.၀၁ | ၄.၁၃ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၁၂၄.၇၂ | ၁၂၈.၃၀ | ၁၂၈.၄၉ | ၀.၁၅ | ၃.၀၃ | ၄.၆၉ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၁၂၀.၄၁ | ၁၂၅.၁၂ | ၁၂၅.၅၉ | ၀.၃၈ | ၄.၃၁ | ၅.၈၈ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၁၅၁.၂၂ | ၁၆၁.၂၆ | ၁၆၃.၁၃ | ၁.၁၆ | ၇.၈၈ | ၁၁.၂၅ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၇ | ၁၂၃.၉၈ | ၁၂၇.၉၃ | ၁၂၇.၈၁ | -၀.၀၉ | ၃.၀၉ | ၄.၁၂ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၁၃၆.၅၉ | ၁၄၁.၇၆ | ၁၄၁.၂၅ | -၀.၃၅ | ၃.၄၂ | ၇.၄၀ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၁၂၉.၇၅ | ၁၃၂.၇၃ | ၁၃၂.၅၂ | -၀.၁၆ | ၂.၁၄ | ၃.၆၆ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၇.၃၉ | ၁၂၄.၁၀ | ၁၂၃.၈၇ | -၀.၁၉ | -၂.၇၇ | ၄.၈၃ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၁၃၁.၉၆ | ၁၃၄.၇၈ | ၁၃၄.၅၆ | -၀.၁၇ | ၁.၉၇ | ၆.၉၀ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၁၇.၆၀ | ၁၂၀.၆၀ | ၁၂၂.၀၁ | ၁.၁၈ | ၃.၇၆ | ၃.၃၆ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၂၀.၁၄ | ၁၂၀.၉၀ | ၁၂၂.၅၂ | ၀.၅၁ | ၁.၁၄ | ၂.၅၅ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၂၈.၈၂** | **၁၃၂.၄၂** | **၁၃၂.၅၈** | **၀.၁၂** | **၂.၉၂** | **၅.၄၃** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၇ ခုနှစ် ဇွန်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၇ ခုနှစ် မေလ (ကျပ်) | ၂၀၁၇ ခုနှစ် ဇွန်လ (ကျပ်) | ၂၀၁၆ ခုနှစ် ဇွန်လ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၃၀၀.၁၉ | ၁၃၁၁.၁၉ | ၁၃၁၅.၄၈ | ၀.၈၅ | -၀.၃၃ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၅၂၄၈.၁၅ | ၅၂၇၈.၅၂ | ၅၄၄၅.၃၃ | ၀.၅၈ | -၃.၀၆ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၅၅၈၈.၈၂ | ၅၆၀၃.၁၁ | ၅၈၂၂.၈၃ | ၀.၂၆ | -၃.၇၇ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၁၇၁.၂၈ | ၂၁၄၆.၃၈ | ၁၈၉၃.၁၁ | -၁.၁၅ | ၁၃.၃၈ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၇၂၄၈.၂၆ | ၇၂၆၄.၉၂ | ၆၆၃၀.၇၅ | ၀.၂၃ | ၉.၅၅ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၈၆၉၈.၆၃ | ၈၇၀၂.၀၅ | ၈၂၇၅.၁၀ | ၀.၀၄ | ၅.၁၆ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၀၅၉၈.၅၉ | ၁၀၆၁၀.၃၃ | ၁၀၃၀၂.၉၄ | ၀.၁၁ | ၂.၉၈ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၆၀၈.၇၀ | ၁၆၂၂.၁၇ | ၁၆၀၀.၀၀ | ၀.၈၄ | ၁.၃၉ |
| ၉ | ကြက်ဥ | ။ | ။ | ၁၂၃၄.၈၈ | ၁၂၄၂.၁၄ | ၁၂၉၆.၂၀ | ၀.၅၉ | -၄.၁၇ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၇၆၅၈.၁၀ | ၇၈၂၀.၂၃ | ၈၃၂၃.၀၂ | ၂.၁၃ | -၆.၀၃ |
| ၁၁ | ငါးရံ့ | ။ | ။ | ၇၈၉၆.၈၃ | ၇၈၅၉.၇၉ | ၇၈၉၂.၇၆ | -၀.၄၇ | -၀.၄၂ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၄၃၂.၅၈ | ၄၄၃၂.၅၈ | ၄၃၃၄.၇၆ | ၀.၀၀ | ၂.၂၆ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၂၇၃၅၆.၂၂ | ၂၇၄၈၀.၆၉ | ၂၆၉၅၃.၈၅ | ၀.၄၅ | ၁.၉၅ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၆၆၉၅.၀၅ | ၂၆၈၃၈.၆၁ | ၂၆၄၉၇.၀၈ | ၀.၅၄ | ၁.၂၉ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၁၇၉.၀၂ | ၃၁၈၀.၃၆ | ၂၉၉၉.၁၈ | ၀.၀၄ | ၆.၀၄ |
| ၁၆ | ခရမ်းချဉ်သီး | ။ | ။ | ၁၀၀၃.၈၁ | ၁၀၆၆.၉၅ | ၁၉၄၁.၁၂ | ၆.၂၉ | -၄၅.၀၃ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၃၂၂၆.၆၀ | ၃၁၉၃.၄၀ | ၂၇၉၂.၈၃ | -၁.၀၃ | ၁၄.၃၄ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၁၅၈.၅၄ | ၁၁၃၉.၉၃ | ၁၁၇၇.၁၄ | -၁.၆၁ | -၃.၁၆ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၅၇၁၀.၆၅ | ၅၃၇၉.၀၉ | ၄၆၃၄.၉၃ | -၅.၈၁ | ၁၆.၀၆ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၁၂၄၆.၉၈ | ၁၄၁၃.၃၁ | ၈၂၀.၁၀ | ၁၃.၃၄ | ၇၂.၃၃ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၄၆၂၃.၅၇ | ၄၆၂၃.၅၇ | ၄၃၄၃.၄၃ | ၀.၀၀ | ၆.၄၅ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၀၃၉.၈၇ | ၅၀၃၉.၂၀ | ၄၉၀၁.၇၅ | -၀.၀၁ | ၂.၈၀ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၈၅၀၂၉၉.၅၆ | ၈၅၄၉၁၈.၂၂ | ၇၅၆၆၈၄.၄၉ | ၀.၅၄ | ၁၂.၉၈ |
| ၂၄ | ထင်း | | ပိဿာ | ၂၉၁.၀၇ | ၂၉၁.၈၄ | ၂၇၁.၉၁ | ၀.၂၆ | ၇.၃၃ |
| ၂၅ | မီးသွေး | | ။ | ၅၇၆.၇၈ | ၅၈၃.၃၉ | ၅၂၉.၃၇ | ၁.၁၅ | ၁၀.၂၀ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၀၁.၉၈ | ၄၀၁.၉၈ | ၃၈၂.၂၂ | ၀.၀၀ | ၅.၁၇ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၉၀၂.၆၀ | ၉၀၂.၆၀ | ၈၆၉.၈၆ | ၀.၀၀ | ၃.၇၆ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၃၃၃၁.၁၃ | ၃၂၄၁.၄၀ | ၂၆၁၄.၁၇ | -၂.၆၉ | ၂၃.၉၉ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၃၄၂၀.၉၅ | ၃၄၁၁.၁၃ | ၂၉၁၀.၀၄ | -၀.၂၉ | ၁၇.၂၂ |

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အကြောင်းအရာ | ၂၀၁၆ ခုနှစ် | | | | | | | ၂၀၁၇ ခုနှစ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် |
| စားသုံးသူဈေးဆနှုန်း | ၁၂၈.၈၂ | ၁၂၉.၈၇ | ၁၃၀.၁၄ | ၁၃၀.၀၀ | ၁၃၀.၄၈ | ၁၃၁.၆၀ | ၁၃၂.၃၉ | ၁၃၂.၄၁ | ၁၃၂.၇၃ | ၁၃၁.၉၆ | ၁၃၂.၀၇ | ၁၃၂.၄၂ | ၁၃၂.၅၈ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ၉.၂၂ | ၈.၅၈ | ၄.၉၁ | ၃.၈၈ | ၃.၅၁ | ၃.၄၇ | ၆.၅၅ | ၇.၇၆ | ၇.၉၉ | ၇.၀၀ | ၄.၇၄ | ၃.၉၀ | ၂.၉၂ |
| ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း | ၁၀.၆၀ | ၁၀.၅၉ | ၉.၉၆ | ၉.၁၆ | ၈.၂၆ | ၇.၃၅ | ၇.၀၂ | ၆.၉၇ | ၆.၉၃ | ၆.၈၁ | ၆.၄၁ | ၅.၉၆ | ၅.၄၃ |